
မဆုံတဲ့ ဖူးစာ

"နာမည်က ဖူးမျက်သွယ်နော်…''

"ဟုတ်…။ ဟုတ်ကဲ့ပါ … အန်တီ''

ခန့်ညားထည်ဝါသော မျက်နှာပိုင်ရှင် အမျိုးသမီးကို အိဖူး မရဲတရဲ ကြည့်ပြီး ခေါင်းလေးကို ငုံ့ထားလိုက်သည် ။ အိဖူး အတွက် ဒါ ပထမဆုံး သူများ အိမ် အလုပ်လုပ်ဖို့ ရောက်ဖူးခြင်းပါ။ အစက ဒီအလုပ်ကို မဖြစ်ဖြစ်အောင် ကြိုးစားပြီးလုပ်မည်ဟု အားခဲထားသော်လည်း တကယ်တမ်း ရောက်လာတဲ့ အခါမှာ တော့ ကြောက်နေမိသည် ။

အေးစက်တုန်လှုပ်နေတဲလက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အိဖူး အားတင်းလိုက်သည် ။

"သမီးက ချစ်စရာလေးပဲ…။ အန်တီတို့ အိမ်ကို ကိုယ့်အိမ်လို သဘောထား။ ဘာမှ အားမငယ်နဲ့ မကြောက်နဲ့ သိလား။ အိမ်မှာ က သားနှစ်ယောက်ရယ် အန်တီရယ် ကြီးကြီးရယ်ပဲ ရှိတာ…''

အန်တီက လှိုက်လှိုက်လှဲလှဲနဲ့ စကားပြောသဖြင့် အိဖူး ဝမ်းသာသွားသည် ။ သဘောကောင်းတဲ့ အိမ်ရှင်ဆီမှာ အလုပ်လုပ်ရမှာ မို့ အိဖူး ကံကောင်းတာပဲပေါ့။

"ကဲ… အန်တီ … မသုနဲ့ စကား ပြောလိုက်ဦးမယ်။ ကြီးမေရေ… ဒီသမီးလေးနေရမယ့် အခန်းကို လိုက်ပြလိုက်ပါဦး…''

ဟု ပြောလိုက်လျှင် … အခန်းတစ်ခန်းထဲက ကြီးကြီးတစ်ယောက် ထွက် လာပြီး အိဖူးကို ပြုံးပြသည် ။ အိဖူးလည်း အထုပ်ကလေး ကပျာ

ကယာ ပိုက်ကာ... ထိုင်နေရာကနေ ကြီးကြီး နောက်က လိုက်ဖို့ ပြင်တုန်း... အန်တီသုက...

"မိဖူး... လိမ်လိမ်မာနေနော်။ ငါ့ကို နာမည် မပျက်စေနဲ့ ...။ အိမ်ရှင်က သဘောကောင်းတယ် ဆိုပြီး အခွင့်အရေးလည်း မယူနဲ့ ...။ ညည်း အမေကိုလည်း စိတ်ချ... ငါတစ်ယောက်လုံး ရှိတယ်... ကြားလား''တဲ့ ။

အိဖူး ငိုချင်သွားသည် ။ မေမေနဲ့ ခွဲဖူးတာ မဟုတ်။ မေမေ ခုချိန် အိဖူးကို လွမ်းလို့ ငိုနေရောပေါ့...။ ဘယ်လိုပဲ ဖြစ်ဖြစ် အိဖူးနဲ့ မေမေ ရပ်တည်ဖို့ အလုပ်လုပ်မှ ရမည်။ အတန်းပညာ သိပ်မတတ်ခဲ့သည့် အိဖူးအဖို့ ... ဒီလို အိမ်မျိုးမှာ အလုပ် လုပ်ရသည် ကိုက ကံကောင်းလှပြီ မဟုတ်လား။

"အန်တီသု... မေမေ့ကို ဂရုစိုက်ပါနော်...''

အိဖူး ငိုသံလေးစွက်ပြီး... ပြောလိုက်သည် ။

အိဖူး နေရမယ့် အခန်းက အောက်ထပ်က မီးဖိုခန်းနဲ့ နီးသည့်... ကြီးကြီးနဲ့ ဘေးချင်းကပ် အခန်းဖြစ်သည် ။ ဘာပဲဖြစ်ဖြစ် အိဖူးအတွက် လုံခြုံသည် မဟုတ်လား။

"သမီးရေ... အထုပ်တွေ ချပြီး... ကြီးမေရှိတဲ့ မီးဖိုခန်း လာခဲ့တော့နော်...''

ကြီးမေ စကားသံ ဆုံးတာနှင့် အိဖူး ပစ္စည်းတွေကို နေရာတကျ ခပ်သွက်သွက်လေး ထားလိုက်သည် ။ အိမ်ဖော်ဖြစ်တဲ့ အိဖူးအတွက် ပေးထားတဲ့ နေရာက ကြီးကျယ်လွန်းသည် ဟု လည်း ခံစားမိသည် ။ အိဖူး သင့်တော်တဲ့ အဝတ်အစားလေး လဲပြီး... မီးဖိုချောင်ထဲ ဝင်ခဲ့လျှင်...

"အမလေး...''

တိုက်မိစရာ မရှိပါပဲ တစ်စုံတစ်ခုနှင့် ခလုတ် တိုက်မိသလို ဟပ်ထိုး ဖြစ်သွားသည် ။ အိဖူးလည်း အိုးတိုးအမ်းတမ်းနဲ့ ကြီးမေကို လှမ်းကြည့်မိလျှင်...

"ဩော် ... ကိုလေး... သမီးကို စလိုက်တာ ထင်တယ်။ သူက အဲဒီလိုပဲ လူအသစ်ရောက်ရင် နောက်နေကြ'' တဲ့ ...။

"ဟင်...''

အိဖူး ကြက်သီးတွေ ထသွားသည် ။ ဟုတ်တယ်လေ...။ ဒီအိမ်မှာ ... လူခြောက်ကလေး ရှိသည် မဟုတ်လား။ လူခြောက်ဆိုတာ... ရုပ်မရှိပေမဲ့... လူတစ်ယောက်လို နာမ်နဲ့ သွားလာနေတာလို့ ... မေမေပြောတာ ကြားဖူးသည် ။ ကြီးမေ ပြောတဲ့ ကိုလေးဆိုတာ... ဒီအိမ်ရဲ့ လူခြောက်လေး များ လား...။ အိဖူးလည်း ကြီးမေနား ကပ်ပြီး...

"ကြီးမေ... ကိုလေးဆိုတာ ဘယ်သူလဲ''

"ကိုလေးဆိုတာ... ဒီအိမ်ပိုင်ရှင် ဒေါ်မြတ်သန္တာရဲ့ ဒုတိယသားလေ သမီးရဲ့ ။ သမီး ဒီမရောက်ခင် ကြားခဲ့မှာ ပါ။ သူက နာမ်က အိမ်ထဲ သွားလာနေတာ။ ရုပ်က အပေါ်ထပ်မှာ လေ...''

ဆိုပြီး ရှင်းပြသည် ။ ကြီးမေကသာ ပြုံးပြီး ဘာမှ မဖြစ်သလို ပြောနေတာ... အိဖူးကြောက်သလို ခံစားနေမိသည် ။ ကြီးမေ ပြောသလိုဆို... သူက သူ့အိမ်မှာ သာမန်လူ တစ်ယောက်လို သွားလာ နေမှာ ပေါ့နော်။

ဟူး...။ ငါ့နှယ့်နော်... ဒီအိမ်မှာ လူခြောက်ရှိတာ အစထဲက သိရဲ့ နဲ့ ... ခုမှ လာကြောက် နေရတယ်...။

အိဖူး သက်ပြင်းလေး ချပြီး... ကြီးမေ စီမံသည့်အတိုင်း... တစ်သဝေမတိမ်း ကူလုပ်ပေး နေလိုက်သည် ။

အလုပ်လုပ်ရင်းလည်း နောက်ကျော မလုံသလို… တစ်ယောက်ယောက်က အနောက်ကနေ လိုက်ကြည့် နေသလို ခံစားနေရသည် ။

အိဖူး စိတ်ထင်တာပဲ ဖြစ်မှာ ပါလေ…။

***

နေ့လယ်စာ စားချိန် … အန်တီ ထမင်းစားခန်းထဲ ဝင်လာသည် ။

"သားဒီနေ့ စောတယ်နော်…။ မေမေက ခု အပေါ်ထပ်ကို သွားခေါ်ခိုင်းမလို့ …'' တဲ့ ။

မည်သူမှ မရှိပါဘဲနှင့် ဘေးက ခုံကို သဘောကျစွာ ပြုံးပြီ စကားပြောနေသည့် အန်တီကို အိဖူး နားမလည်သလို ကြည့်နေမိသည် …။ ကြီးမေက လိုအပ်တာတွေ ဖြည့်ပြီး ခူးခပ်ပြင်ဆင်နေလျှင် အိဖူးလည်း အယောင်ယောင် အမှားမှားနဲ့ … ဟင်းတွေ စားပွဲပေါ် ချပေးလိုက်သည် ။ အိဖူး အတွက် အကုန်လုံး ထူးဆန်းနေတာ အမှန်ပါ။ အန်တီက သူ့သားကို မမြင်ရပေမဲ့… အလေ့အထ အမူအကျင့်တွေနဲ့ ကိုလေးကို ခန့်မှန်းတတ်သည် တဲ့ ။

"သမီးလည်း တစ်ခါတည်း ဝင်စားလေ…။ ဗိုက်ဆာ နေရောပေါ့…''

"ဟုတ် … သမီး ပြီးမှ ကြီးမေနဲ့ တူတူစားတော့မယ်။ ဗိုက်မဆာသေးလို့ ပါ…''

"ဒီအိမ်မှာ ဘာမှ အားနာစရာ မရှိဘူးနော်… သမီး အကုန်လုံးက မိသားစုလိုပဲ…''

"ဟုတ် ... ဟုတ်ကဲ့''

အိဖူး ခေါင်းလေးငုံ့ပြီး ပြောလိုက်သည် ။

ဒီအိမ်ကြီးကို ရောက်တော့မှ အိဖူးရဲ့ ကံကြမ္မာ ပြောင်းလဲခဲ့မယ် ဆိုတာကိုသာ ကြိုသိခဲ့ရင်...

***

အချိန်တိုအတွင်း ဒီအိမ်မှာ နေသားကျလာသည် ။

အတတ်နိုင်ဆုံး ကြိုးစားပြီး အလုပ် လုပ်သည် ။ နားမလည်သည်များကို ကြီးမေဆီက သင်ယူသည် ။ ဒီအိမ်ရဲ့ အလေ့အထကိုလည်း အိဖူး သိနေပြီ...။ အန်တီ့အကြိုက်၊ ကိုကြီး ကိုလေး အကြိုက်... အကုန် အလိုက်တသိ ဆောင်ရွက်တတ်နေပြီ။ တစ်ခါတစ်ရံ မမြင်ဖူးတဲ့ ကိုလေးရဲ့ စနောက်တာက လွဲလျှင်... အလုပ် လုပ်ရတာ ဖိစီးမှုမရှိ။ ပျော်တတ်နေပြီ ဖြစ်သည် ။

ထူးဆန်းတာက... အိဖူးအလုပ် လုပ်တိုင်း အနောက်ကနေ အရိပ်တစ်ခုလို ကြည့်နေတာ ခံစားနေရတာကိုပါ။ ကြည်နူးခြင်းလိုလို... လုံခြုံမှုရှိခြင်းလိုလို ခံစား ချက်မျိုး။ ဘယ်လိုပဲ ဖြစ်ဖြစ် အိဖူး ကျေနပ် နေမိတာတော့ အမှန်ပါပဲလေ။

***